# နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန

# ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်

# ပုဂ္ဂလိကအပေါင်ဆိုင်လိုင်စင်အတွက် လိုင်စင်စည်းကမ်းသတ်မှတ်ချက်များ

၁။ အပေါင်ခံသူသည် အောက်ပါစည်းကမ်းများကို တိကျစွာလိုက်နာရမည်-

(က) အပေါင်ခံသူသည် လိုင်စင်တွင်သတ်မှတ်ထားသည့်ဆိုင်အတွင်းသာအပေါင်ခံသူအဖြစ် ဆောင်ရွက်ရမည်၊

(ခ) လိုင်စင်နှင့်ခွင့်ပြုထားသည့် ဆိုင်အပြင်ဘက်၌ ''ပုဂ္ဂလိကအပေါင်ဆိုင်'' ဟူသောစာလုံးကို ထင်ရှားပီပြင်ပီသစွာ ရေး၍ထားရမည်၊

(ဂ) အပေါင်ခံသူသည် ပုံစံ(၂)အတိုင်းသတ်မှတ်ထားသည့် အောက်ပါအချက်အလက်များကို လက်ခံဖြတ်ပိုင်းနှင့်ပေါင်နှံသူသို့ပေးရန်ဖြတ်ပိုင်းပေါ်တွင် မြန်မာဘာသာဖြင့် စုံလင်စွာ ရေးသားရမည်၊

(၁)အပေါင်ခံပစ္စည်း အမျိုးအမည်၊ အကြောင်းအရာအစုံအလင်၊ (လက်ဝတ်လက်စား၊ ရွှေထည်၊ ငွေထည်၊ စိန်ထည်၊ ကျောက်ထည် စသည်များဖြစ်လျှင် ၎င်းတို့၏ အရေအတွက်နှင့် အလေးချိန်များ)

(၂)အပေါင်ပစ္စည်းအတွက် ချေးငှားထုတ်ပေးသည့် ငွေပေါင်း၊

(၃)တောင်းခံရမည့်အတိုးနှုန်း(ဤစည်းကမ်းများနှင့်အညီသတ်မှတ်ထားသည့်အတိုးနှုန်း)၊

(၄)ပေါင်နှံမှုပြုလုပ်သည့် ခုနှစ်၊ လ၊ ရက်နှင့်အချိန်နာရီ၊

(၅)ပေါင်နှံသူ၏အမည်၊ အလုပ်အကိုင်၊ နေရပ်နှင့် ၎င်း၏လက်ဝဲဘက်လက်မလက်ဗွေပုံနှိပ်အမှတ်၊ အမျိုးသားမှတ်ပုံတင်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပေါင်နှံသူမှာပစ္စည်းရှင်မဟုတ်လျှင်ပစ္စည်းရှင်၏အမည်၊အလုပ်အကိုင်နှင့်နေရပ် (ကိုယ်စားလှယ်လွှဲစာ၊ မှတ်ပုံတင်မိတ္တူပူးတွဲရန်)၊

(၆)ပုံစံ(၂)ဖြတ်ပိုင်းများပေါ်တွင် အမှတ်စဉ်၊ အပေါင်ဆိုင်အမည်၊ အပေါင်ဆိုင်တည်ရှိရာနေရပ်(သို့မဟုတ်) လမ်းအမည်ကို ပုံနှိပ်စာဖြင့် ရိုက်နှိပ်ရမည်။

၂။ အပေါင်ခံသူသည်ပုံစံ(၂)၏ဖြတ်ပိုင်းစာအုပ်မှဖြတ်ပိုင်းတစ်ပိုင်းကိုပေါင်နှံသူအားပေးအပ်ရမည်။

၃။ ပေါင်နှံသူက အပေါင်လက်မှတ်ဖြတ်ပိုင်းပျောက်ဆုံး၍ မိတ္တူလက်မှတ်ဖြတ်ပိုင်းတစ်စောင်ရယူလိုလျှင် အပေါင်ခံသူက တစ်စောင်အတွက် ကော်မတီက သတ်မှတ်ထားသောနှုန်းယူ၍ မိတ္တူဖြတ်ပိုင်း တစ်စောင်ပေးရမည်။ ထိုသို့ထုတ်ပေးသည့် မိတ္တူဖြတ်ပိုင်းဖြင့် အပေါင်ပစ္စည်းများကို ရွေးယူစေရမည်။

၄။ ပုဂ္ဂလိကအပေါင်ဆိုင်လိုင်စင်မှ ခွင့်ပြုသော အပေါင်ပစ္စည်းသည် ရွှေ့ပြောင်းနိုင်သောပစ္စည်းများသာဖြစ်ရမည်။ ထိုအပေါင်ပစ္စည်း၏ချေးငွေအပေါ်တောင်းခံရမည့်အတိုးနှုန်းမှာငွေကျပ်(၁၀၀/-)လျှင်(၃/-)ကျပ်ထက်မပိုသောအတိုးနှုန်းဖြစ်ပြီး အတိုးနှုန်းတွက်ချက်မှုကာလမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အပေါင်ပစ္စည်းအား ပေါင်နှံသည့်ရက်မှ(၁)လအတွင်း မည်သည့်ရက်တွင် ရွေးယူသည်ဖြစ်စေ (၁)လအတိုးနှုန်း၊

(ခ) တစ်လကျော်လွန်သော အချိန်ကာလအတွင်း (၁၅)ရက်အထိ လဝက်အတိုးနှုန်း၊ (၁၅)ရက်ကျော်လွန်ပါက တစ်လအတိုးနှုန်း။

၅။ အတိုးနှုန်းစာရင်းကို လူအများမြင်သာအောင် ဆိုင်အတွင်း၌ ထင်ရှားပီသစွာရေး၍ ဆွဲကပ်ထားရမည်။

၆။ အပေါင်ဆိုင်တွင် ည(၈)နာရီမှ နောက်တစ်နေ့နံနက်(၆)နာရီအတွင်း အပေါင်လက်ခံခြင်း၊ ငွေချေးခြင်း၊ အရွေးခံခြင်း၊ လက်မှတ်လဲခြင်းများ လုံးဝမပြုလုပ်ရ။

၇။ အသက်(၁၆)နှစ်မပြည့်သေးသူမှ ပစ္စည်းလာရောက်ပေါင်နှံခြင်းကို လုံးဝလက်မခံရ။

၈။ ပေါင်နှံသူကမိမိပစ္စည်းကို ကျသင့်သည့်အတိုးများပေး၍ ရွေးယူလျှင် ပစ္စည်းပေါင်သည့်နေ့ မှ(၆)လအတွင်း ရွေးယူရမည်။

၉။ ကန့်သတ်ထားသည့် (၆)လအတွင်း မရွေးနိုင်သေး၍ အပေါင်လက်မှတ်လဲလိုလျှင် လဲလှယ်ခွင့်ပြုရမည်။ အပေါင်လက်မှတ်လဲလိုလျှင် ထိုပစ္စည်းပေါင်နှံခြင်းသည် လက်မှတ်လဲလှယ်သည့်နေ့ ရှေ့လာမည့်(၆)လအတွင်း ထိုပစ္စည်းကို ကျသင့်သည့်အတိုးပေးလျှင် အရွေးခံရမည်။

၁၀။ ပေါင်နှံသူက ချေးငွေရင်းတစ်ချို့တစ်ဝက်(သို့မဟုတ်)အတိုးပေးဆပ်လျှင် လက်ခံရမည်။ ထိုသို့ပေးဆပ်ခြင်းကိုလက်ခံလျှင် အပေါင်ဖြတ်ပိုင်းလက်မှတ်၏ လက်ခံဖြတ်ပိုင်းနှင့် ပေါင်နှံသူအား ပေးသည့်ဖြတ်ပိုင်းပေါ်တွင် ယင်းသို့ပေးဆပ်သည့် ငွေနှင့်နေ့စွဲကို ထင်ရှားစွာရေးမှတ်ထားရှိရမည်။

၁၁။ အပေါင်ခံသူသည် မိမိအပေါင်ခံထားသော ပစ္စည်းများကို လုံခြုံစွာ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရမည်။

၁၂။ အပေါင်ခံသူသည် သတ်မှတ်ထားသောကာလအတွင်း ရွေးယူခြင်းမပြုသော အပေါင်ခံပစ္စည်းများကိုလေလံတင်ရောင်းချမှုအား ဌာန၏သဘောတူအတည်ပြုချက်မရရှိမီ လုံးဝမပြုလုပ်ရ။

၁၃။ အပေါင်ခံသူသည် ပစ္စည်းပေါင်သောနေ့မှ (၆)လကျော်လွန်လာလျှင် (သို့မဟုတ်) လက်မှတ်လဲလှယ်ခွင့်ပြုထားလျှင် ထိုလက်မှတ်အရကန့်သတ်ထားသည့်ကာလကုန်၍ အပေါင်ဆုံးသောပစ္စည်းများကို ထုခွဲရောင်းချရန် စာရင်းပြုလုပ်၍ ဌာနသို့ ပေးပို့ရမည်။ ဌာနသို့တင်ပြသော ပစ္စည်းစာရင်းတွင် အောက်ပါအချက်အလက်များ တင်ပြရမည်-

(က) ပုံစံ(၂)ဖြတ်ပိုင်းလက်မှတ်အမှတ်စဉ်၊

(ခ) ပေါင်နှံသူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊

(ဂ) ပစ္စည်းအမျိုးအမည် (ရွှေ၊ငွေ၊စိန်၊ ကျောက်ထည်ဖြစ်လျှင် ၎င်းတို့၏ အလေးချိန် ဖော်ပြချက် အစုံအလင်)၊

(ဃ) ချေးသည့်ငွေရင်း၊

(င) ကျသင့်သည့်အတိုး၊

(စ) ပေါင်နှံသည့်နေ့စွဲ။

၁၄။ ထုခွဲရောင်းချခွင့်ရရှိပြီး အပေါင်ဆုံးပစ္စည်းများကို မည်သည့်နေ့ရက်၊ အချိန်၊ မည်သည့်နေရာ တွင် လေလံတင်ရောင်းချမည့်အကြောင်းနှင့် လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်းကို သက်ဆိုင်ရာ အပေါင်ဆိုင်တွင် လူအများမြင်သာသည့်နေရာတွင်ထား၍လေလံတင်ရောင်းချမည့်နေ့ မတိုင်ခင်အနည်း ဆုံး(၁၅)ရက် ကြိုတင်ဆွဲကပ်ကြော်ငြာရမည်။

၁၅။ လေလံတင်ရောင်းချမည့်ပစ္စည်းကို ဌာနက ဤကိစ္စအလို့ငှာ တာဝန်ပေးအပ်ထားသည့် ဝန်ထမ်း၊ ပုဂ္ဂိုလ်က ကြီးကြပ်လေလံတင် ရောင်းချရမည်။

၁၆။ လေလံတင်ရောင်းချသည့်ပစ္စည်းကို ပုံစံ(၃)အတိုင်း သတ်မှတ်ထားသည့် မှတ်ပုံတင်စာရင်းစာအုပ်တွင် လေလံပွဲကြီးကြပ်သောပုဂ္ဂိုလ်နှင့် အပေါင်ခံသူ ပူးတွဲလက်မှတ်ရေးထိုးရမည်။

၁၇။ လေလံတင်ရောင်းချရသောငွေသည် ချေးငွေရင်း၊ ကျသင့်သောအတိုးငွေနှင့် လေလံစရိတ်ငွေ(၃)ရပ်ပေါင်းထက်ပိုလျှင် ထိုပိုငွေကို လေလံတင်ရောင်းချသည့်နေ့မှ(၃)လအတွင်း ထိုပစ္စည်းပေါင်သူက အပေါင်လက်မှတ်ပြ၍တောင်းလျှင် ပေါင်သူအား ပေးအပ်ရမည်။ ထိုငွေကို အပေါင်ခံပစ္စည်းပိုင်ရှင်သည်(၃)လအတွင်း တောင်းဆိုခြင်းမပြုလျှင် ကော်မတီရန်ပုံငွေ အရဘဏ်စာရင်းတွင် သွင်းရမည်။ သို့ရာတွင် လေလံတင်ရောင်းချသည့်နေ့မှ(၃)နှစ်အတွင်း အဆိုပါငွေကို ပစ္စည်းပေါင်သူ တောင်းယူနိုင်ခွင့် ရှိစေရမည်။

၁၈။ ပစ္စည်းတစ်ခုကို အပေါင်လက်ခံရသည့်အခါ(သို့မဟုတ်)လက်ခံရရှိပြီးဖြစ်သောအခါ ထိုပစ္စည်းသည် ခိုးရာပါပစ္စည်း(သို့မဟုတ်) ခားပြတိုက်ရာပါပစ္စည်း(သို့မဟုတ်) ရာဇဝတ်မှုတစ်ခုခုနှင့် ပတ်သက်နေသည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဥပဒေအရတောင်းဆိုလာလျှင် သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အပ်နှံရမည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ ဌာနနှင့်သက်ဆိုင်ခြင်းမရှိစေရ။

၁၉။ အပေါင်ဆိုင်ဖွင့်ရန် ကန့်သတ်သည့်အချိန်အတွင်း ဤကိစ္စအလို့ငှာဌာနကစာဖြင့် တာဝန်ပေးအပ်ထားသည့် ဝန်ထမ်း၊ ပုဂ္ဂိုလ်ကဖြစ်စေ၊ ဒုရဲအုပ်ရာထူးထက်မနိမ့်သည့်ရဲအရာရှိကဖြစ်စေ၊ အပေါင်ဆိုင် အတွင်းသို့ဝင်ရောက်၍ စာရင်းများကူးခြင်း၊ စာရင်းစာအုပ်၊ မှတ်ပုံတင်စာအုပ်၊ အပေါင်ခံပစ္စည်းများကို စစ်ဆေးခြင်း၊ ဥပဒေနှင့်အညီ သိမ်းဆည်းခြင်းကို ခွင့်ပြုရမည်။

၂၀။ အပေါင်ဆိုင်လိုင်စင်အပိုင်းအခြားကာလကုန်ဆုံးပြီးနောက်ဖြစ်စေ၊ လိုင်စင်ကိုစည်းကမ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအရ ရုပ်သိမ်း/ ယာယီပိတ်သိမ်း ပြီးနောက်ဖြစ်စေ၊ လိုင်စင်ရပြီးသည့် မူလက အပေါင်ထားလျက်ရှိပြီးသော အပေါင်ပစ္စည်းများကို ရွေးနုတ်ခြင်းအတွက်သာ အပေါင်ဆိုင်ရှင်အဖြစ် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဂ္ဂလိကအပေါင်ဆိုင်ဆိုင်းဘုတ်ကို ဖြုတ်သိမ်းရမည် ဖြစ်သည်။

၂၁။ အပေါင်ဆိုင်၌အပေါင်ခံသူက မိမိကိုယ်စားလုပ်ကိုင်ဆောင်ရွက်ရန် တာဝန်လွှဲအပ်ထားသည့် ကိုယ်စားလှယ်နှင့်လုပ်သားတို့ ပြုမူဆောင်ရွက်ချက်သည် အပေါင်ခံသူကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

၂၂။ အပေါင်ဆိုင်လိုင်စင်ရရှိသူသည်အထက်ပါစည်းကမ်းများအပြင်ဌာနကအခါအားလျော်စွာ ထုတ်ပြန်သောစည်းကမ်းများ၊အမိန့်ညွှန်ကြားချက်များကိုလည်းတိကျစွာလိုက်နာဆောင်ရွက်ရမည်။

C:\Users\REV3\Desktop\webportal first\A paung saing rule(23-24).docx\3

၂၃။ အပေါင်ခံသူသည် အရပ်ရပ်အခွင့်အရေးလိုင်စင် အထွေထွေစည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာရမည်။

၂၄။ အပေါင်ခံသူသည် ကော်မတီက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ စည်းကမ်း၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၂၅။ လိုင်စင်ရရှိသူသည် အထက်ပါသတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေကျပ်(၅၀,၀၀၀/-)တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်အပြီးပိတ်သိမ်းခြင်းနှင့် အမည်ပျက်စာရင်းတင်သွင်းခြင်း၊ အာမခံအပ်ငွေများအား ကော်မတီဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ လိုင်စင်ကြေးအကြေနှင့် ဒဏ်ကြေး ပေးသွင်းထားသူမှအပ အာမခံတင်သွင်းထားသော ပစ္စည်းများကို လေလံတင်ရောင်းချ၍ ရရန်ရှိသည်တို့ကို သိမ်းယူခြင်း။

လေလံတင်ရောင်းချရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

C:\Users\REV3\Desktop\webportal first\A paung saing rule(23-24).docx\4